**နိဗ္ဗာန် (ဓမ္မရတနာ) ၏ ဂုဏ်အင်(၅)ချက်**

**ရတနာဟူသည်** 'လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊ သူမြတ်တို့သာ၊
သုံးဆောင်ရာ၊ ရတနာ အနက်ငါး' (သပြေကန်ဆရာတော်ကြီး)

၁။ လောက၌ လေးစားအပ် မြတ်နိုးအပ်သော ရတနာများထက် ဓမ္မရတနာ နိဗ္ဗာန်သည် အသာဆုံးဖြစ်၏။ တောသားလူရိုင်းနှင့် မြက်စားနေကြသောသမင်များမှာ ပတ္တမြား၏ တန်ဘိုးကို မသိကြသကဲ့သို့ ပုထုဇဉ်တို့သည် နိဗ္ဗာန်၏ အရည်အသွေး/တန်ဘိုးကို မသိကြကုန်။

၂။ လောက၌ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သောရတနာတို့ကို ပုထုဇဉ်တို့ သာယာတပ်မက်ကြ၏။ ဓမ္မရတနာနိဗ္ဗာန်ကိုကား အရိယာတို့တောင့်တလိုချင် ခုံမင်နှစ်သက်၏။ ဇောတိက၊ ဇဋိလ စသော သူဌေးကြီးတို့သည် ထိုလောကီရတနာများကိုစွန့်၍ ဓမ္မရတနာကို ရှာဖွေခဲ့ပုံ ထုံးကို နှလုံးမူသင့်၏။

၃။ လောက၌ ပညာတတ်ခြင်း၊ အဆင်းလှပခြင်း၊ တန်ခိုးအာဏာရှိခြင်းတို့ကို အတုမရှိဟုထင်မြင်ကြ၏။ အမှန်မှာ နိဗ္ဗာန်သည်သာ အပြိုင်မရှိ အတူမရှိသည့်တရားဖြစ်၏။

၄။ လောက၌ အံ့ဩဖွယ်ရာတို့သည် တစ်ခါတစ်ရံ၌ ပေါ်လာတတ်ပါ၏။ ထိုအရာကိုပင် မြင်ရ၊ တွေ့ရခဲသည့်အနေဖြင့် သတ်မှတ်ကြလေသည်။ ယင်းသဘာဝတို့ကား သာမန်မျက်စိအသိဉာဏ်ဖြင့် မြင်ခွင့် သိခွင့်ရ၏။ နိဗ္ဗာန်သည် သာမန်မျက်စိဖြင့် တွေ့ရန်မြင်ရန်ခဲယဉ်းလေသည်။ အရိယမဂ်ဉာဏ်ဖြင့်သာ သိခွင့်ရ၏။ ဒုလ္လဘတရားစစ်စစ်ဖြစ်၏။

၅။ လောက၌ ရတနာဟူသည် သူမြတ်တို့သာသုံးဆောင်ရသည်ဟုဆိုကြ၏။ သို့သော် မသမာသူ လူဆိုး လူညံ့များလည်း ရတနာတို့ကို သုံးဆောင်သည်ကိုတွေ့ရ၏။ ဓမ္မရတနာနိဗ္ဗာန်ကိုကား ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်မြတ်တို့သာ သုံးဆောင်ခံစားကြ၏။

**ကျမ်းကိုး** – ရတနသုတ်၊ သပြေကန်ပရိတ်ကြီးနိဿယသစ်